# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၀) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၁၁ ရက် ၊ ၉–၃–၂၀၂၅၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆာမားရား၌တွေ့ဆုံဆွေးနွေးစဉ် ပါဝင်သည့်အမျိုးသမီးများအား ဂုဏ်ပြု

နေပြည်တော် မတ် ၈

ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆာမားရားမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့သည်။ စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ကရင်ပြည်နယ်တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးဆောင်ရွက်လျက်ရှိ

"ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ဆေးရုံများအားလုံး၌ ဆရာဝန်များ တာဝန်ချထားပေးပြီးဖြစ်သည်။ ထို့အပြင် ဆေးရုံလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍတိုးတက်ရေးဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်လေးနှစ်အတွင်း ဆေးရုံအဆောက်အအုံသစ်များ အများအပြားဖွင့်လှစ်နိုင်ခဲ့ပါကြောင်း ယခုဖွင့်လှစ်သည့် နှစ်ထပ်ကုသဆောင်သစ်ကို ၂၀၂၄ ခုနှစ်မေလမှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၂)မှ တာဝန်ယူဆောက်လုပ်ခဲ့ကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ခွဲစိတ်ခန်းနှင့် မွေးခန်းပါ RC နှစ်ထပ်အဆောက်အအုံဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မတ် ၇ ရက် နံနက်ပိုင်းတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဆေးရုံဥပမိရပ်ကောင်းမွန်စွာဖြင့် ရေရှည်တည်တံ့စေရေးနှင့် ပြည်သူများအားကိုးယုံကြည်ရသည့် ဆေးရုံဖြစ်စေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းနှင့် အဆောက်အအုံဖြစ်မြောက်စေရေး ကူညီပံ့ပိုးသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆေးရုံနှစ်ထပ်ကုသဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုအေးက ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံတွင် မြေညီထပ်၌ လူနာခန်းသုံးခန်း၊ မွေးခုတင်နှစ်ခုပါ သားဖွားခန်းအပါအဝင် မွေးလူနာများအတွက် အခန်းသုံးခန်း၊ မွေးကင်းစကလေးလူနာခန်းတစ်ခန်း၊ လူနာများအတွက် ရေချိုးခန်းနှင့် အိမ်သာများ၊ ဆေးပေးခန်း၊ ဆရာဝန်များနားနေခန်း၊ သူနာပြုများနားနေခန်းတို့ ပါဝင်ပြီး အပေါ်ထပ်တွင် ခွဲစိတ်ခန်းနှစ်ခန်း၊ ဆရာဝန်၊ သူနာပြုနားနေခန်းတစ်ခန်း၊ လူနာစောင့်နားနေခန်းတစ်ခန်းနှင့် ခုတင်လေးလုံးပါဝင်သည့် လူနာစောင့်ကြပ်ကြည့်ရှုခန်းတစ်ခန်းတို့ ပါဝင်ဖွဲ့စည်းဆောက်လုပ်ထားရှိသည်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆရာတော်၊ သံဃာတော် အပါး(၃၀၀)ကျော်အား နေ့ဆွမ်း ဆက်ကပ် ကျောင်းသား၊ ကျောင်းသူများအား နံနက်စာဖြင့် ကျွေးမွေးကုသိုလ်ယူ လှူဒါန်း



**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်ရှိ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းရှိ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်အပါး(၃၀၀)ကျော်အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ မန္တလေးမြို့နေ ဦးစောလှထွန်း(ဘဏ်ရာဖြတ်-အင်ဂျင်နီယာ)မိသားစုနှင့် ဧည့်ပရိသတ်အပေါင်းတို့က နေမင်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အလှူရှင်ဦးစောလှထွန်းက (၇၆)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပါး (၃၀၀)ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကျောင်းသား၊ ကျောင်းသူများအား နံနက်စာ ထမင်းနှင့် ဟင်းတို့ဖြင့် ကုသိုလ်ယူလှူဒါန်းကြကြောင်း သိရသည်။

(ဝ၅၃)

## သူနာပြုတက္ကသိုလ်-မန္တလေး အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက်နှင့် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**မန္တလေး မတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ သူနာပြုတက္ကသိုလ်-မန္တလေး၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ သူနာပြုတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်၊ ဆေးနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ သူနာပြုတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်က သူနာပြုသစ္စာအဓိဋ္ဌာန် (၈)ချက်ကို တိုင်ပေးပြီး သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးပြုသူနာပြုဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြရသူများအား ဘွဲ့များ အပ်နှင်းသည်။




သူနာပြုတက္ကသိုလ်-မန္တလေး၏ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သူနာပြုပါရဂူဘွဲ့(၂)ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့(၁၀)ဦး၊ အထူးပြုသူနာပြုဒီပလိုမာ(၁၁)ဦး၊ သူနာပြုသိပ္ပံဘွဲ့(၁၂၆)ဦး၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သူနာပြုမဟာသိပ္ပံဘွဲ့(၁၃)ဦး၊ အထူးပြုသူနာပြုဒီပလိုမာ(၁၄)ဦး၊ သူနာပြုသိပ္ပံဘွဲ့(၁၇၇)ဦးနှင့် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် သူနာပြုမဟာသိပ္ပံဘွဲ့(၁၄)ဦး၊ အထူးပြုသူနာပြုဒီပလိုမာ(၃၄)ဦး၊ သူနာပြုသိပ္ပံဘွဲ့ (၆၉)ဦး၊ အဝေးရောက်ဘွဲ့ယူသူ သူနာပြုပါရဂူဘွဲ့(၁)ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ (၄)ဦး၊ အထူးပြုသူနာပြုဒီပလိုမာ(၁၃)ဦး၊ သူနာပြုသိပ္ပံဘွဲ့(၄၀)ဦး အပါအဝင် စုစုပေါင်း(၅၂၇)ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(ဝ၉၃)

## ကျောက်ဆည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူ (၁၅၅၄)ဦး ဝင်ရောက်ဖြေဆိုမည်



**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင်စတင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူ (၁၅၅၄)ဦး ဝင်ရောက် ဖြေဆိုမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **(အပေါ်ပုံ)**

ကျောက်ဆည်မြို့၌ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများ ကျင်းပရာတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစေရေး အမှတ်(၁)၊ အမှတ်(၃)၊ မင်းစု၊ သံရွာ အခြေခံပညာအထက်တန်းကျောင်းများတွင် စာဖြေဌာန(၄)ခုဆောင်ရွက်ထားပြီး အတွင်းဖြေ STEAMS-1 ကျောင်းသား (၃၃၃)ဦး၊ ကျောင်းသူ(၅၄၄)ဦး၊ STEAMS-2 ကျောင်းသား (၁၄၅)ဦး၊ ကျောင်းသူ(၁၆၅)ဦး၊ STEAMS-1 ကျောင်းသား(၁)ဦး၊ ကျောင်းသူ(၁)ဦး၊ အပြင်ဖြေ STEAMS-1 ကျောင်းသား (၁၃၇)ဦး၊ ကျောင်းသူ(၉၈)ဦး၊ STEAMS-2 ကျောင်းသား (၇၅)ဦး၊ ကျောင်းသူ(၅၀)ဦး၊ STEAMS-1 ကျောင်းသား (၁)ဦး၊ ကျောင်းသူ(၄)ဦး စုစုပေါင်း(၁၅၅၄)ဦး ဖြစ်ကြောင်း သိရပြီး စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားနိုင်ငံဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၈

ဘယ်လာရုစ်နိုင်ငံသမ္မတမစ္စတာ လူကာရှန်းကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာစဉ် ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာစဉ်ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ဆာမားရားမြို့

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာအစားအစာဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။



☆ ရှေ့ဖုံးမှ

ထိုသို့သွားရောက်နေစဉ်အတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အထူးလေယာဉ်ပေါ်၌ ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်စဉ်။

အလားတူ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ သွားရောက်လေ့လာစဉ်၌လည်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov တို့ တွေ့ဆုံဆွေးနွေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများတပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးစဉ်။

✰ စာမျက်နှာ ၃ မှ

ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ယင်းနောက် အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေး ဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဆာမားရားမြို့တို့အကြား ပူးပေါင်း ဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ငင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများအား အသုံးပြု၍ သဘာဝဘေး



အန္တရာယ်များ စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး သုတေသနပြုဆောင်ရွက်နိုင်မှုအခြေအနေများ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံရိုက်ကူးရေးနှင့် ဂြိုဟ်တုဆက်သွယ်ရေး ဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုလွှတ်တင်မှုဆိုင်ရာကိစ္စရပ်များ၊ ဒုံးပျံတပ်ဆင်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အာကာသစခန်း တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် အာကာသပြတိုက်

စာမျက်နှာ ၅ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၄ မှ

အဆင့်မြင့်တင် ဖွင့်လှစ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများ တပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဆာမားရားဒေသဆိုင်ရာ အစိုးရဒုတိယအကြီးအကဲ၊ ဒေသဆိုင်ရာ ပညာရေးဝန်ကြီး၊ စက်မှုစီးပွားရေးဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Space Rocket ဆိုင်ရာ Progress မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရားဒေသနှင့် တာလီကာတီဒေသ တို့အကြား စက်မှုကဏ္ဍ၊ ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆာမားရားမြို့မှ မီဒီယာများက ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗာစီဗစ်မြို့ သာမာရှဲဗာလေဆိပ်သို့ရောက်ရှိကြရာ နိုဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်




## ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗာစီဗစ်မြို့ သာမာရှဲဗာလေဆိပ်၌ နိုဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။

# ဂန္ဓမာပန်းနှင့် မေမြို့ပန်းများ အရောင်းအဝယ်ကောင်းမွန်

**ရေနံချောင်း မတ် ၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ဂန္ဓမာပန်းနှင့် မေမြို့ပန်းများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

ဆောင်းရာသီမတိုင်မီ နိုဝင်ဘာမှစတင်ပြီး ဂန္ဓမာပန်းငုတ်ကို မေမြို့တွင် မှာယူပြီး စိုက်ပျိုးကြသည့်အပြင် မေမြို့ပန်း၊ ကံ့ကော်သပြေနှင့် အာဆီယံသပြေပန်းများကို စိုက်ပျိုးကြကြောင်း ရေနံချောင်းမြို့နယ်မှ ဒေသခံများထံက သိရသည်။

ယခုရက်မှာ ဂန္ဓမာပန်းနှင့် မေမြို့ပန်းများကလှပြီး အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ ဂန္ဓမာပန်းတစ်စည်းလျှင် ငွေကျပ် ၁၃၀၀နှင့် မေမြို့ပန်းတစ်စည်းလျှင် ငွေကျပ် ၁၂၀၀ အထိ ရောင်းရကြောင်း ပန်းရောင်းသူ အမျိုးသမီးတစ်ဦးထံက သိရသည်။

ရေနံချောင်းမြို့နယ်မှထွက်ရှိသော မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ကံ့ကော်သပြေ၊ အာဆီယံသပြေနှင့် ပတ္တမြားသပြေပန်းများကို ရေနံချောင်းမြို့မဈေးနှင့် မြို့ပေါ်ရှိ ရပ်ကွက်များအပြင် မကွေးမြို့နယ်နှင့် ချောက်မြို့နယ်များရှိ ကျေးရွာအချို့ကို ခေါင်းရွက်ဗျပ်ထိုးဖြင့် ရောင်းချကြသည်။



ရေနံချောင်းမြို့နယ်တွင် ပန်းများကို ဘူးကျွန်းကျေးရွာအုပ်စုနှင့် ဖောင်းကတောကျေးရွာအုပ်စုများရှိ ကျေးရွာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇေ၀ဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့်အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများအတွက် အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော် အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌ နှင့်
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ်(UMFCCI)

## မြန်မာနိုင်ငံ ဇေ၀ဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံဇေ၀ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ ဇေ၀ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများမှအကြီးအကဲများ၏ ချစ်ကြည်ရင်းနှီးစွာ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံနှင့် လူမျိုးတို့အတွက် လူမှုစီးပွားဘဝတိုးတက်အောင် သမိုင်းဝင်အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၈.၃.၂၀၂၅)

## လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ကောင်စီဝင်များ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ် (၈)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း **မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)**က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဝမ်းမြောက်ဂုဏ်ယူဆုမွန်စကား

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့၏ အောင်မြင်မှုခရီးစဉ်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို နှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရသည်နှင့်အတူ ဆတက်ထမ်းပိုးအောင်မြင်မှုရပါစေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လိုက်လိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

နေပြည်တော် မတ် ၈

၈-၃-၂၀၂၅ ရက်နေ့ထုတ် **မန္တလေးနေ့စဉ်** သတင်းစာ စာမျက်နှာ ၆"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ"မှ အဆက် စာမျက်နှာ ၇ ကော်လံ ၄ တွင်ပါဝင်သည့် " Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ Software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်" ဟူသည့် စာသားအစား "Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လုပ်ခံရတဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမယ်ဆိုတာလည်း သတိပြုမိဖို့လိုပါတယ်" ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

## အောင်မြေသာစံမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မတ် ၈

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဧယျာဘုံရပ်ကွက်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မဝိဟာရရီပရိယတ္တိသီလရှင် စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

### စီစဉ်ဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် ၁၆၂ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် ပေးပို့



နေပြည်တော် မတ် ၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် M.V Moe Hein (မိုးဟိန်း)ရေယာဉ်သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး၊ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ပေးပို့သည့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများနှင့် ခွဲကျောက်များ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မှာယူသည့် ဆန် (40 Kg) ၃၂၁၂ အိတ်၊ ဓာတ်မြေဩဇာ အိတ် ၁၅၄၀ နှင့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် တင်ဆောင်၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်သည်။

### ပို့ဆောင်

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များ အပါအဝင် ရေယာဉ်၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၂၃၀၀ ဒသမ ၂၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်အား ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ကော်ဖီကို အရည်အသွေးမြင့်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက ကမ္ဘာ့ဈေးကွက်တွင် နေရာရလာနိုင်

နေပြည်တော် မတ် ၈

သစ်သီးအခြေခံ စားသောက်ကုန်နှင့် ဝိုင်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကော်ဖီ ထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ MSME Agency မှ တာဝန်ရှိသူများ၊ စားသောက်ကုန်ထုတ်လုပ်သည့် တတ်သိပညာရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်သည်။ (ယာပုံ)





### အထောက်အကူပြုစေမည်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသထွက်သစ်သီးများမှ ထုတ်လုပ်သော ဝိုင်အမျိုးမျိုးကိုလည်း မိရိုးဖလာစနစ်မှ ခေတ်မီနည်းပညာများကို အသုံးပြု၍ အဆင့်မြှင့်ပြောင်းလဲထုတ်လုပ်မည်ဆိုပါက နိုင်ငံတကာဈေးကွက်အသစ်များရရှိနိုင်ပြီး ဒေသထွက်ဝိုင်လုပ်ငန်းအား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နို့ကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းများအား အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုစနစ်အမျိုးမျိုးဖြင့် ဆန်းသစ်လှပစွာထုတ်လုပ်နိုင်ရန် အကြံဉာဏ်များ၊ နည်းပညာများနှင့် ဝိုင်းဝန်းပံ့ပိုးပူးပေါင်းဆောင်ရွက်လျှင် ပြည်ပဈေးကွက်သို့ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြိုက်နှစ်သက်သော မြန်မာ့ကော်ဖီအား အနံ့၊ အရသာ၊ အရောင်အသွေး၊ ထုပ်ပိုးမှုဒီဇိုင်းတို့ ကောင်းမွန်ပြည့်စုံစွာဖြင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့မည်ဆိုပါက မြန်မာ့ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာရပ်တည်နိုင်လျက် ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်နေရာရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အေးသာယာဝိုင်ထုတ်လုပ်သည့်လုပ်ငန်းရှင်၊ မြန်မာနိုင်ငံစားသောက်ကုန် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးစွမ်းဆောင်ရှင်များကွန်ရက်နှင့် ကော်ဖီလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားကာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### Virtual စနစ်ဖြင့် ပါဝင်တက်ရောက်

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တတိယအကြိမ် ဒသမပုံမှန်အစည်းအဝေး (၁/၂၀၂၅) ကို နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက ကျင်းပခဲ့ပြီးသော ပုံမှန်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးလေးခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ တွဲဖက်အတွင်းရေးမှူး-၂ က ကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအခြေအနေများ၊ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မန္တလေးတိုင်းဒေသကြီးအတွင်း နှမ်းသီးနှံများစိုက်ပျိုးမှုနှင့် စမုံရေထိန်းတမံနှင့် ရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် မတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် တောမအုပ်စု ဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်းရေသောက်စနစ်အတွင်း နှမ်းနှမ်း (ဆင်းရတနာ ၃) မျိုးများကို ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူများ၏ ဧက ၅၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သဲထုတ်ရေတံခါး၊ ပင်မရေပိုလွှဲနှင့် ရေတံခါးတပ်ရေပိုလွှဲများ ပြုပြင်ဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိအကူရေပိုလွှဲထည့်သွင်းဆောင်ရွက်နေမှုနှင့် ရေစစ်သဲခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာစက်မှုဇုန်ရှိပုဂ္ဂလိကတိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်းတိရစ္ဆာန်အစာလိုအပ်ချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု၊ တိရစ္ဆာန်အစာ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်ကို အသုံးပြု၍ စက်ရုံလည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိစမုံရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ စမုံချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်ကို ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့် ယာယီရေတားတမံမှ နွေသီးနှံ ရေပေးဝေမည့် ယာယီရေပေးမြောင်းကို သံဖရိန်၊ သံပြားကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောင်ရွက် ပြီး မတ် ၆ ရက်မှစတင်၍ ရေစမ်းသပ်ပေးဝေလျက်ရှိ သည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာအုပ်စု ကျွဲတပ်ကျေးရွာ တောင်သူဦးသန်းထွန်း၏ ငါးမွေးကန် ၁၃ ကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြစ်သားမြို့နယ် ရွာသစ်ကျေးရွာရှိ ဆောင်းကြက်သွန်နီ(ရွှေဖလား) ဧက ၁၀၀ စံပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လေဟာကူဆင် | ၀ | - | ၂ | ဝါဒါဘရီမင် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၃ | ဘိုချမ် |
| ဒေါ့မွန် | ၀ | - | ၁ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၁ | စိန့်ပေါလီ |
| ဟော်ဖင်ဟိုင်း | ၂ | - | ၂ | စတုဂတ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၁ | ဗင်နစ်ဇီးယား |
| ပါးမား | ၂ | - | ၂ | တိုရီနို |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၂ | - | ၁ | လီဂါနက်စ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၀ | မန်စီးတီး |
| လီဗာပူး | ၃ | - | ၁ | ဆောက်သမ်တန် |
| ဘရိုက်တန် | ၂ | - | ၁ | ဖူလ်ဟမ် |
| ပဲလေ့စ် | ၁ | - | ၀ | အစ်ဆွစ်ချ် |

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၁၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၈**

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁၀ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ ယနေ့တွင် တရုတ်နိုင်ငံသား ၃၀၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ်လ ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၇၀၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၉၇၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

# ပုဂံနယ်မြေမီးသတ်စခန်းက ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်

**ညောင်ဦး မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဒေသတွင်းမီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရန်နှင့် ပြည်သူများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီ က ပုဂံမြို့၊ အနော်ရထာရပ်ကွက်နှင့် ခန်းလောင်းရပ်ကွက်သို့ သွားရောက်ပြီး လူနေအိမ်များ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း အကြံပြုစစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ပုဂံနယ်မြေ မီးသတ်စခန်း တာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့ လိုက်ပါ၍ ပုဂံမြို့၊ အနော်ရထာ ရပ်ကွက်နှင့် ခန်းလောင်းရပ်ကွက်သို့ သွားရောက်ပြီး ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံကာ ဒေသတွင်းမီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ စနစ်တကျ စီမံဆောင်ရွက်ထားရှိရန်၊ မီးငြိမ်းသတ်ယာဉ်များ အဆင်ပြေစွာ ဝင်၊ ထွက်သွားလာနိုင်အောင် ရပ်ကွက်တွင်းရှိလမ်းများ ပြုပြင်ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားပြီး ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ တစ်အိမ် တက်ဆင်း လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ **(အောက်ပုံ)**

ပုဂံမြို့၊အနော်ရထာရပ်ကွက်နှင့် ခန်းလောင်းရပ်ကွက်တွင် အိမ်ခြေ ၇၂ အိမ်၊ အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၃၂၅ ဦး နေထိုင်လျက်ရှိပြီး ပွင့်လင်းရာသီကာလတွင် ဒေသခံပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယခုကဲ့သို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပုဂံနယ်မြေမီးသတ်စခန်းတာဝန်ခံလက်ထောက် မီးသတ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)





# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် မီးဘေးသတိမူရေး နှိုးဆော်ခြင်းများဆောင်ရွက်

**မန္တလေး မတ် ၈**

မဟာအောင်မြေမြို့နယ် အတွင်း ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် ရည်ရွယ်၍ ယမန်နေ့က မီးသတ်ဦးစီးဌာန ဝန်ထမ်းများမှ လိုက်လံနှိုးဆော်ပေးလျက်ရှိသည်။

မန္တလေး မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများအနေဖြင့် ပွင့်လင်းခြောက်သွေ့သော နွေရာသီရောက်ရှိချိန်ဖြစ်သောကြောင့် မဟာအောင်မြေမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုမဖြစ်ပွားစေရန်နှင့် မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင်၏ လမ်းညွှန်မှုဖြင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် နေ့စဉ် နေ့၊ ညမပျက် မီးဘေးကြိုတင်ကာကွယ်ရေး မီးဘေးသတိမူရေးနှိုးဆော်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၅၆)

# ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ




**အောင်လံ မတ် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျော ဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၃ ရက် နံနက် ၈ နာရီက အောင်လံမြို့၊ မြို့မဈေး အတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်တွင် အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaign အားပြုလုပ်ခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ ဦးတို့က ပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အာကာ(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး မတ် ၈**

၂၀၂၅ ခုနှစ် မတ်လ ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း၊ ဖိတ်ကြားထားသည့် အသင်း၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား အကောင်အထည်ဖော်လာစေရန် ရည်ရွယ်ပြီး နှစ်စဉ် မတ်လ ၈ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာနှင့်တစ်ဝန်း ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်းများ၏ အရေးကြီးမှုကို ပြည်သူလူထုက သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်ကာ ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့နှင့် မတ်လ ၈ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် နှစ်စဉ် ကျင်းပလျက်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် နေရာများတွင် အမျိုးသမီးများပါ စွမ်းစွမ်းတမံပါဝင်ခွင့် ရရှိစေရန်၊ တန်းတူအခွင့်အရေးရရှိစေရန်နှင့် အင်အားရှိသည့် အမျိုးသမီးများ၏ စွမ်းရည်ကို အသုံးချနိုင်ရေး စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန်၊ ဘက်စုံ၊ ကဏ္ဍစုံတွင် စွမ်းရည်ပြည့်ဝစေရန်အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် (UN Message Video Clip)၊ အမျိုးသမီးအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း (Video Clip) ပြသမှုနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးအသက်မွေး အတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ဇရိပ်မွန်အမျိုးသမီးကလေးများကျောင်းတို့မှ ကျောင်းသူများ၏ တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့တို့က တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်သည့် အကအဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ရင်းနှီးစွာလိုက်လံနှုတ်ဆက်ကာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မဟာအောင်မြေမြို့နယ်ရှိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၊ နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တထုတိဝရအမှူးပြု၍ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကြီးကြပ်ရေးဆရာတော်ကြီးများ၊ အဖွဲ့ဝင်ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၊ နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ဩဝါဒကထာ ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာမေးပွဲကျင်းပရေးနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

၎င်းနောက် ဆရာတော်၊ သံဃာတော်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲကျင်းပရေးကိစ္စနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးကြကာ လျာထားချက်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီးနောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသနာ့ဇောတိကာရုံ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝသီရိ က နိဂုံးချုပ်ဩဝါဒကထာချီးမြှင့်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေဌာန(၃)ခု ဖွင့်လှစ်ထား၍ စာဖြေ သံဃာ ပါရာဇိကဏ်ဘာသာရပ်တွင်(၂၈၆၉)ပါး၊ သီလက္ခန်ဘာသာရပ်တွင်(၂၄၄၆) ပါး၊ ဓမ္မသင်္ဂဏီဘာသာရပ်တွင် (၂၁၉၂) ပါး၊ မြန်မာဂုဏ်ထူးတွင် (၃၀၃) ပါးနှင့် ပါဠိဂုဏ်ထူးတွင် (၁၁၀) ပါး၊ ပါဠိပထမပြန်(ကြီး၊ လတ်၊ ငယ်၊ မူ)တန်းစာမေးပွဲကို မတ် ၃၁ ရက် မှ ဧပြီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း သတ်မှတ်မြို့နယ်တို့တွင် စာဖြေဌာနများ ဖွင့်လှစ်ထား၍ စာဖြေသံဃာ ပထမကြီးတန်းတွင်(၁၆၈၂)ပါး၊ ပထမလတ်တန်းတွင်(၁၉၃၄)ပါး၊ ပထမငယ်တန်းတွင် (၃၀၁၄)ပါးနှင့် အခြေပြုမူလတန်းတွင် (၄၅၁၂) ပါး စုစုပေါင်း(၁၁၁၄၂)ပါး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## ရေချိုငါးသားပေါက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမည်

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း(၂၅) ခုမှ ဈေးကွက်ဝင် ရေချိုငါးသားပေါက်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးမွေးမြူသူများသည် ဧပြီလမှစ၍ ငါးသားပေါက်များ ပြန်လည်ထည့်သွင်း မွေးမြူကြမည်ဖြစ်သည့်အတွက် ကြီးထွားနှုန်းကောင်းမွန်သည့် ငါးသားပေါက်များကို ထည့်သွင်းမွေးမြူ၍ ဝင်ငွေတိုးတက်ရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း (၂၅) ခုမှ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးတန်၊ ရေချိုငါးမုတ် စသည့် ဈေးကွက်ဝင် ရေချိုငါးသားပေါက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော် ရေဆင်း ငါးလုပ်ငန်းစခန်း ၀၉-၇၉၁ ၀၉၅ ၀၆၀၊ ရန်ကုန်လှော်ကားငါးလုပ်ငန်းစခန်း ၀၉-၇၈၃ ၇၈၈ ၁၆၃၊ လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း ၀၉-၄၂၈ ၅၀၆ ၂၀၀၊ ပဲခူးငါးလုပ်ငန်းစခန်း ၀၉-၄၂၅ ၃၀၀ ၅၆၈၊ မန္တလေးသရက်ကုန်းငါးလုပ်ငန်းစခန်း ၀၉-၄၅၆ ၀၀၃ ၀၂၇၊ သထုံ ငါးလုပ်ငန်းစခန်း ၀၉-၇၉၃ ၄၅၅ ၀၀၈၊ ပုသိမ်ငါးလုပ်ငန်းစခန်း ၀၉-၇၈၇ ၉၈၀ ၆၀၆ နှင့် မအူပင်တလုပ်လှငါးလုပ်ငန်းစခန်း ၀၉-၇၈၁ ၅၉၂ ၀၀၃ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်တွင်းငါးစားသုံးမှုတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးလုပ်ငန်းစခန်း (၂၅) ခုမှ ငါးသားပေါက်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသကဲ့သို့ ရေအရည်အသွေး တိုင်းတာစစ်ဆေးပေးခြင်း၊ ငါးရောဂါရှာဖွေစစ်ဆေးပေးခြင်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်-၆)**





## စဉ်ဆက်ပညာရေး စာသင်ဝိုင်းအား မြန်မာ့ပညာရေး ရုပ်သံလိုင်းတွင် ထုတ်လွှင့်နိုင်ရေး မှတ်တမ်းရိုက်ကူး

**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ နိုင်ငံသူ၊ နိုင်ငံသားများ ပညာရယူရန် စဉ်ဆက်ပညာရေး စာသင်ဝိုင်းများ ဖွင့်လှစ်လျက်ရှိပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေး နည်းပညာနှင့် သတင်းဖြန့်ချိရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုဝင်းနှင့် ရုပ်/သံအဖွဲ့များမှ မြန်မာ့ပညာရေးရုပ်သံလိုင်းတွင် ထုတ်လွှင့်နိုင်ရေး မှတ်တမ်းရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ရုပ်သံမှတ်တမ်းများရိုက်ကူးရာတွင် ပညာရေးနည်းပညာနှင့်သတင်းဖြန့်ချိရေးဌာနမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (၃) ထပ်ဆောင်တွင် ဖွင့်လှစ်ထားသည့် စဉ်ဆက်ပညာရေးစာသင်ဝိုင်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် သင်ကြား၊ သင်ယူနေမှုများအား မှတ်တမ်းတင်ရိုက်ကူးခဲ့ပြီး ကျောက်ဆည်မြို့တွင် စဉ်ဆက်ပညာရေးစာသင်ဝိုင်းများကို အထက-၁၊ အထက-၂၊ အထက-၃ ကျောင်းများတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဖွဲ့စည်း၍ ဖေဖော်ဝါရီ ၁ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ မြို့နယ်အတွင်းရှိ စာရေးစာဖတ်မတတ်သူများ၊ အားနည်းသူများအား စုစည်း၍ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်ပြီး အခြေခံစာရေးခြင်း၊ စာဖတ်ခြင်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၄၈၅)**




## စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် မတ် ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း တင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ခရိုင်ပြည်သူ့ စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင် ကူးပြောင်းဖို့ ဖြစ်ပေါ်လာပုံနှင့် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ ဆောင်ပုဒ်နှင့်အညီ စားသုံးသူတွေကို အသိပညာပေးပုံတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၁၂)

သွယ်အောင်



အာလူးစားသူများ
The Potato Eaters

၁၉၈၄ ခုနှစ်မှစပြီး ၁၉၉၄ ခုနှစ်၊ ၁၀ နှစ်အတွင်း ကဗျာပုဒ်ရေ ငါးရာနီးပါးရေးဖွဲ့နိုင်ခဲ့ပြီး မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကဗျာအပုဒ် ၁၀၀ ခန့် ပုံနှိပ်ဖော်ပြခဲ့ခြင်းခံခဲ့ရသည်။ ရေးဖွဲ့နိုင်ခဲ့သည့် ကဗျာအတော်များများမှာ နှလုံးသားမှ မြစ်ဖျားခံ၍ စီးဆင်းလာသော ကဗျာများက အများဆုံးဖြစ်သည်။

ခံစားမှုမပါဘဲ ကဗျာရေးဖွဲ့ခြင်းအတတ်ပညာဖြင့် စမ်းသပ်ရေးဖွဲ့ခဲ့သော ကဗျာများလည်းရှိသည်။ ယင်းကဗျာများမှာ အများအားဖြင့် ဝတ္ထုတစ်ပုဒ်ကို ဖတ်မိ၍လည်းကောင်း၊ ပွဲလမ်းသဘင်အခမ်းအနားတစ်ခုကို ကြည့်ရှုမိ၍ လည်းကောင်း၊ ဆောင်းပါးတစ်ပုဒ်၊ အက်ဆေးတစ်ပုဒ်ကို ဖတ်ရှုမိ၍လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားတစ်ခုကို ကြည့်ရှုမိ၍လည်းကောင်း၊ နွေ၊ မိုး၊ ဆောင်း ပြောင်းလဲနေသော ရာသီခွင်များကို ကြည့်ပြီး ရာသီဖွဲ့ကဗျာများကို ရေးကြည့်ဖြစ်သည်။

ထိုသို့ အတတ်ပညာဖြင့် ကဗျာရေးဖွဲ့ခဲ့သည့် အထဲမှ ပန်းချီကားတစ်ကားကို ခံစားမိပြီး ကဗျာတစ်ပုဒ်ရေးဖွဲ့ကြည့်မိသည်ကိုလည်း အမှတ်ရနေမိသည်။ ကျွန်တော်ကြည့်ရှုရသော ပန်းချီကားမှာ မူရင်းပန်းချီကားကြီးမဟုတ်ဘဲ ပန်းချီစာအုပ်များ၊ မဂ္ဂဇင်းများထဲမှ မကြာခဏ ပုံနှိပ်ဖော်ပြထားသော ပန်းချီကားတစ်ကားသာ ဖြစ်သည်။

ယင်းပန်းချီကားမှာ ကမ္ဘာကျော်ပန်းချီဆရာတစ်ဦးဖြစ်သော ဗင်းဆင့်ဗန်ဂိုး(Van Gogh)၏ 'အာလူးစားသူများ'(The Potato Eaters) ပန်းချီကားဖြစ်သည်။ အံ့သြဖို့ကောင်းသည်မှာ 'မွေးနေ့လက်ဆောင်'ကဗျာမှာလည်း ဟီရိုရှီးမားနေ့အား ဂုဏ်ပြုသော ဂျပန်ပြည်၏ အဖြစ်အပျက် အကြောင်းအရာတစ်ခုဖြစ်ပြီး 'အာလူးစားသူများ'ကဗျာမှာလည်း ဟော်လန်ပြည်သား ပန်းချီဆရာ၏ ပန်းချီကားကို ခံစားမိပြီး ရေးဖွဲ့မိခြင်း ဖြစ်သည်။ အကြောင်းအရာနှစ်ခုမှာ ပြည်ပနိုင်ငံတို့၏ အဖြစ်အပျက်များဖြစ်၍ ထိုအကြောင်းအရာကို ကဗျာရေးဖွဲ့ဖြစ်သည်ကို တွေးမိပြီး အံ့သြနေမိခြင်းဖြစ်သည်။

**ညစာ(သို့မဟုတ်)အာလူးစားသူများ**

* **ညောင်းညာလှတဲ့**
  **လျှာတွေရယ် . . .**
  **ကောင်းကင်ကို မြည်းစမ်းဖို့**
  **ကြိုးစားနေရှာသလား ။**
* **ဒီမှာဖြင့်**
  **ပုလဲလို စိတန်းတဲ့ သွားတွေက**
  **တိမ်တွေကို ကြိမ်ဖန်များစွာ**
  **ကိုက်ဝါးနေကြရဲ့ ။**
* **မှိန်ပျပျ**
  **မီးအိမ်အောက်က**
  **ညစာ စားပွဲမှာ**
  **ငါ. . . အလည်ရောက်သွားပေါ့ ။**
* **ငါ. . . သူတို့နဲ့အတူ**
  **ညစာ ခွဲဝေယူမိသလား**
  **ထိတ်လန့်ခြောက်ခြားစရာ ။**
* **ဒါ . . .**
  **ဗန်ဂိုးရဲ့ အာလူးစားသူများ**
  **ပန်းချီကားပဲ**
  **ငါ့နှလုံးသားရင်ပြင်မှာ**
  **ပြပွဲတင်မိပြီ ။ ။**

**သွယ်အောင်**
**(၁၅၊ ၆၊ ၁၉၉၄)**

၁၉၉၄ ခုနှစ်၊ ဇွန်လထဲတွင် ရေးဖွဲ့ဖြစ်သော ကဗျာဖြစ်ပြီး မည်သည့်မဂ္ဂဇင်းမှ ပေးပို့ခြင်းမရှိဘဲ စာအုပ်ထဲ သိမ်းဆည်းထားသော ကဗျာလည်းဖြစ်သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ကဗျာတစ်ပုဒ်ရေးဖွဲ့ဖြစ်သည်။ ယင်းကဗျာမှာ သာမန်ရိုးရိုးရေးနေကျထက် အကြောင်းအရာကို ဦးစားမပေးဘဲ စိတ်ခံစားမှုကို ဦးစားပေးရေးဖွဲ့ထားသည့် အရွေ့ပြောင်းလဲခြင်းကို သက်မဲ့ကုလားထိုင်တစ်လုံးဖြင့် တင်စားရေးဖွဲ့ကြည့်ခြင်း ဖြစ်သည်။

ပန်းချီတွင် ရီရယ်လစ်ဇင်၊ မော်ဒန်လစ်ဇင်၊ ဆာရီရယ်လစ်ဇင်ဝါဒများစွာ ရှိနေသကဲ့သို့ ကဗျာတွင်လည်း ဆာရီရယ်လစ်ဇင်ဆန်ဆန် Abestract ဒြပ်မဲ့ဆန်သော ကဗျာအဖြစ် စမ်းသပ်ရေးဖွဲ့ကြည့်သည့် ကဗျာလည်း ဖြစ်သည်။ ယင်းကဗျာ ၁၉၉၅ ခုနှစ်၊ ဧပြီလထုတ်



ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၏ အဖွင့်စာမျက်နှာတွင် ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရပါသည်။

**ဘီးတပ်ကုလားထိုင်**

* **ပုံစံခွက်ထဲက**
  **ဆွဲထုတ်လိုက်တဲ့**
  **ငုတ်တုတ်ထိုင် သက်ရှိရုပ်တုတစ်ခု**
  **ငြီးငွေ့နေတဲ့ အသံလှိုင်းများရယ်**
  **ကမ်းစပ်ကို**
  **ဖြေးဖြေးအိအိ လိုမ့်ဆင်းလာခဲ့ပြီ ။**
* **ခန်းဆီး**
  **ပြတင်း**
  **ဝရန်တာ**
  **ကြမ်းပြင်**
  **တွဲလွဲချိတ် ပန်းအိုးများ**
  **ထိုအရာအားလုံးနှင့်**
  **အဆွေခင်ပွန်းဖွဲ့လို့**
  **ဒါ . . .**
  **သူ နေထိုင်ရာ ကမ္ဘာပဲပေါ့ ။**
* **ထွက်ပြေးမှုဝါဒကလည်း**
  **အထီးကျန်ခြင်းနဲ့**
  **ပဋိပက္ခဖြစ်လို့**
  **နွံနစ်နေသူပါ ။**
* **နောက်ဆုံး**
  **မျက်နှာကြက်**
  **ကောင်းကင်**
  **နံရံတွေကလည်း**
  **သူ့အသည်းကို မခွဲရက်တော့ပါ ။**
* **လက်ခနဲ**
  **တောက်ပသွားတဲ့**
  **အလင်းရောင်နဲ့အတူ**
  **ဘဝကို**
  **ထိုင်လျက် ရွေ့လျားစေတော့ပြီ ။ ။**

**သွယ်အောင်**
**(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)**
**၁၉၉၅၊ ဧပြီလ**

ယင်းသို့ ကဗျာများကို အကြောင်းအရာမျိုးစုံ စမ်းသပ်ရေးဖွဲ့နေစဉ် လွန်ခဲ့သော ၁၀နှစ်(၁၉၈၄ ခုနှစ်) ကတည်းက ကာတွန်းများရေးဆွဲခြင်း ရပ်တန့်ခဲ့ရာမှ ကာတွန်းပြန်လည်ရေးဆွဲဖြစ်ဖို့ အကြောင်းဖန်လာသည်။

တစ်ညနေခင်း ညနေပိုင်းအင်ဂျင်နီယာသင် တန်းအတန်းမတက်ခင် မီးရထားဝန်ထမ်းအိမ်ရာတွင် နေသော (ဗလကြီး)ကိုတင်ဝင်းဆီ ဝင်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ လက်ဖက်ရည်ဆိုင်တွင် ကိုတင်ဝင်းက မဂ္ဂဇင်းများတွင် ပါရှိသော ကျွန်တော့်ကဗျာများကို ပြန်လည်ဖတ်ရှုသည့်အတွက် ဝမ်းသာစကားပြောဆိုသည်။

ထိုသို့ ကိုတင်ဝင်းနှင့်စကားလက်ဆုံ ပြောဆိုရင်း နောက်ထပ်သူ့ဆီမှ မထင်မှတ်သော တိုက်တွန်းမှုတစ်ခုကြားရသည်။ယင်းမှာအခြားမဟုတ် ကျွန်တော်



ဟံသာဝတီသတင်းစာရှိစဉ်က 'သတင်းကာတွန်း' များ ရေးဆွဲခဲ့ခြင်း၊ မီးရထားအလုပ်သမားစာကြည့်အသင်း 'အမြင်သစ်' နံရံကပ်စာစောင်တွင် အကောင်းဆုံးကာတွန်းဆုရရှိခဲ့သည်ကိုလည်း သိသောကြောင့် (ကာတွန်းများ)ပြန်ရေးဆွဲစေဖို့ တိုက်တွန်းစကားဆိုလာခြင်း ဖြစ်သည်။

'ကိုအောင်မြင့်··· ခင်ဗျားကဗျာတွေ ပြန်ရေးသလို သတင်းစာ၊ မဂ္ဂဇင်းတွေမှာ ကာတွန်းပြန်ဆွဲသင့်တယ်ဗျာ'

ကျွန်တော်က ကိုတင်ဝင်း၏ တိုက်တွန်းစကားကို မဖြေသေးဘဲ သူ့ကိုအကြာကြီးစိုက်ကြည့်ပြီးမှ အဖြေစကားပေးသလိုနှင့် မေးခွန်းပြန်ထုတ်သလို ပြောမိသည်။

'အင်း··· ကျွန်တော့်အတွက် ကာတွန်းရေးတာက လွယ်ပါတယ်ဗျာ၊ ရန်ကုန်က သတင်းစာတွေတော့ မရေးချင်ဘူး၊ နောက်ပြီး မဂ္ဂဇင်း ကာတွန်းနဲ့ သတင်းစာကာတွန်းဆိုတာ ပုံသဏ္ဍာန်ခြင်း မတူဘူးဗျာ၊ သတင်းကာတွန်းက သတင်းကို စောင်းပေးပြီး ရေးရတာဖြစ်တဲ့အတွက် ဟံသာဝတီသတင်းစာလို သတင်းကာတွန်းမျိုးရေးရရင်တော့ ပြန်ရေးချင်ပါတယ်ဗျာ'

'ဟာ··· မန္တလေးမှာ ရတနာပုံသတင်းစာ ထွက်နေတာ နှစ်နှစ်ရှိပြီလေ။ အဲဒီသတင်းစာထဲမှာ ပါတဲ့ ကာတွန်းတွေ မိုက်တယ်။ ကာတွန်းတွေက ထိထိမိမိရှိတယ်။ ဖတ်ရတာ အရသာရှိတယ်'

'ဟုတ်လား၊ အဲဒီသတင်းစာထဲက ကာတွန်းတွေ ကျွန်တော်ဖတ်ကြည့်ပါဦးမယ်'

နောက်တစ်နေ့ စက်ပစ္စည်းပြင်ကျောင်းရှိ စာကြည့်တိုက်တွင်ရှိသော 'ရတနာပုံ'သတင်းစာကို လှန်လှောဖတ်ရှုကြည့်ဖြစ်သည်။

ရတနာပုံသတင်းစာထဲတွင် ဆရာကံချွန်၊ ဆရာစောကျော်အေး၊ ဆရာဏီမှူး၊ ဆရာဖိုးချော၊ ဆရာစိန်အောင် အစရှိသည့် ကျွန်တော့်အစ်ကိုဆရာတို့ ကာတွန်းများ ဖော်ပြပါရှိသည့်အပြင် မျိုးဆက်သစ်ကာတွန်းဆရာများ၏ ကာတွန်းများကိုလည်း ပြန်လည်တွေ့ရှိရသည်။



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်း



**မန္တလေး မတ် ၈**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွှာစရိယ၊ B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် အလှူရှင်မိသားစုများက ရေစက်ချ အနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့၊ တရုတ်တန်းရပ်နေ (ဖခင်)ဦးတုတ်၊ (မိခင်) ဒေါ်ကျင်ဆိုင်တို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုတို့က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၇၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၂၅ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းရာ ဥပဋ္ဌာမ္ဘက အဖွဲ့ဝင် ဦးလှက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၃၆)

## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၈**

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ် ၅ရက်က ကျင်းပသည်။

အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့် လက္ခဏာများ၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များနှင့် အရေးပေါ် ရှေးဦးပြုစုနည်းများအား အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကလေးငယ်များက ခင်းကျင်းပြသထားသည့် အပူဒဏ်အန္တရာယ်နှင့် ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်၊ ရာသီဥတုပြောင်းလဲခြင်း သရုပ်ပြကာတွန်းများ၊ အပူဒဏ်ကာကွယ်ရေး အသိပညာပေး နံရံကပ် စာစောင်များအား စိတ်ဝင်တစားလှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)





## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲဆောင်ရွက်

**ကွန်ဟိန်း မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ တရုတ်စာသင်ကျောင်း၌ ယမန်နေ့ နံနက် ၁၁ နာရီက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက လူငယ်များ မိမိအသိပညာစွမ်းရည်များ တိုးတက်မြင့်မားအောင် စာအုပ်စာပေများကို လေ့လာဖတ်ရှုဖို့ လိုအပ်ကြောင်း၊ စာအုပ်စာစောင်တွေဖတ်မှ အသိပညာ ဗဟုသုတတိုးပွားမည်ဖြစ်ကြောင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး စာအုပ်စာပေတွေကနေ ရရှိလာတဲ့ အသိပညာ ဗဟုသုတများနဲ့ မိမိရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာပေးဟောပြောပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒေါ်မြတ်မွန်ဖြိုးက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရန် ကိုယ်လက်လှုပ်ရှားအားကစားလည်း အရေးကြီးကြောင်း၊ အခြေခံအားကစားနည်း လေးမျိုးအကြောင်းနှင့် နွေရာသီကျောင်းပိတ်ရက် အားကစားသင်တန်းများလည်း တက်ရောက်နိုင်ကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ဘောလုံးလက်ဆောင်ပေးအပ်ကြသည်။

အဆိုပါ ဟောပြောပွဲသို့ တရုတ်စာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဗလငါးတန်
ဖွံ့ဖြိုးဖို့၊
စာအုပ် စာပေ
လေ့လာစို့ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကြာပန်းလေးလို နေပါ့မယ်

* ကျွန်မရေးတဲ့ ပန်းချီကား
ပဒုမ္မာ ကြာပန်းကလေးများ
ဗန်ဂိုးရဲ့ ပန်းချီကား
နေကြာပန်းများကို အားကျ
ဒေါ်လာများရဖို့တော့ မဟုတ်ဘူးပေါ့နော်
ချစ်ဖခင်ရဲ့ ဩဝါဒများ ထုံမွှမ်းထားတဲ့
နှလုံးသားအလှ သင်္ကေတ ကြာပန်းချီ
ဘဝကြာပန်းချီလေ ။

* သမီးရေ -----
ဗုဒ္ဓဟောကြား ပန်းစကားမို့
လောကမှာလေ ကြာပန်းလေးလိုနေတဲ့
ကြာပန်းလေးကြောင့် စိုးနောင့်ခြင်းမရှိ
ပကတိကြည်စင် ကန်ရေပြင်အလှဆင်
တင့်တယ်ပိုလှ လူ့လောကတဲ့
ထိုနည်းတူပ သမီးက
ဝန်းကျင်လောက တင့်တယ်လှဖို့
အတ္တ+ပရ အချိုးမျှစေ
လောကကောင်းကျိုး သယ်ဆောင်ပိုးပါ
အမျိုးဘာသာ သာသနာလမ်း
စွမ်းနိုင်စေရာ ဆောင်ရွက်ပါမှ
တစ်ယောက်စ တစ်ရာစေ
တို့မြေ တို့ပြည် ခိုင်မြဲဝေစည်
ငြိမ်းချမ်းမည်တဲ့ ။

* ဟုတ်ကဲ့ ဖေဖေ -----
အဆုံးအမတွေ တည်စေဖို့
မတွေဝေ မတိမ်းစောင်းတဲ့
စရဏ မျဉ်းကြောင်းပေါ်မှာ
မေတ္တာထီးဆောင်းလို့
ကောင်းမှုကုသိုလ်နဲ့ အိပ်စက်
ကောင်းမှုကုသိုလ်နှင့် နိုးထ
အမျိုးဘာသာ သာသနာအတွက်
စွမ်းသမျှလေးတွေ ဆောင်ရွက်
ပန်းချီ ကဗျာ ဝတ္ထု ရေးခြယ်ကာ ကုသိုလ်ပြု
လှူမှုရေး ဒါနပန်းတွေ မျှဝေ
သမီးပြုသမျှ ကုသလ အထွေထွေ
ဝသုန္ဒြေ သိပါတယ် ဖေဖေ ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

# နှစ်(၆၆၀)ပြည့် အင်းဝ(၁)



အင်းဝမြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် တည်ရှိပြီး သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တွေ ပေါကြွယ်ဝတဲ့ နေရာဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ပုဂံပြီးရင် မြို့သက်တမ်းအရှည်ဆုံး၊ စာပေယဉ်ကျေးမှု အထွန်းကားဆုံး၊ ရှေးဟောင်းအမွေအနှစ် အများအပြားလည်း ကျန်ရှိနေဆဲဖြစ်လို့ ပြည်တွင်း၊ပြည်ပ ဧည့်သည်များရဲ့ စိတ်ဝင်စားမှု အရှိဆုံး မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ စစ်ကိုင်းဘက်ကနေ ဧရာဝတီမြစ်ကို စက်လှေနဲ့ကူးပြီး လာနိုင်သလို ဟိုယခင်တုန်းကတော့ စစ်ကိုင်းတံတားလမ်းခွဲ အိုးတုတ္တွန်းကူးတို့ဆိပ်ကနေ ဒုတ္ထဝတီမြစ်ကို ဇက်နဲ့ကူးပြီး လာခဲ့ကြပါတယ်။ ဒီနေ့ကာလမှာတော့ ရန်ကုန်-မန္တလေး အမြန်ကားလမ်းက တစ်ဆင့် ကားနဲ့လည်း အလွယ်တကူ လာရောက်နိုင်ပါတယ်။ အဝ၊ အင်းဝ၊ အင်းနဝ၊ ရတနာပူရ စသည်ဖြင့် မြန်မာ့သမိုင်းမှာ လေးမည်ရခဲ့တဲ့ အင်းဝမြို့ဟာ သတိုးမင်းဖျား၊ ညောင်ရမ်းမင်း၊ ဆင်ဖြူရှင်နဲ့ ဘကြီးတော်မင်းတို့ရဲ့ လေးကြိမ်တိုင်တိုင် မြန်မာ့ဦးစွန်း နေပြည်တော်အနေနဲ့ တည်ထောင်စိုးစံခဲ့ကြတဲ့ ထူးခြားတဲ့ မြို့ဟောင်းတစ်မြို့ ဖြစ်ပါတယ်။ သတိုးမင်းဖျားဟာ အင်းဝမြို့ကို မြန်မာသက္ကရာဇ် ၇၂၆ ခု၊ တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့မှာ စတင်တည်ထောင်စိုးစံခဲ့လို့ ယခု ၂၀၂၅ ခုနှစ်၊ မတ် ၄ ရက် အင်္ဂါနေ့ဟာ အင်းဝမြို့သက်တမ်း နှစ်ပေါင်း ၆၆၀ တင်းတင်းပြည့်တဲ့နေ့ ဖြစ်ပါတယ်။ ဒါကြောင့် အင်းဝနဲ့ပတ်သက်တဲ့ ဗဟုသုတဖြစ်ဖွယ် အမှတ်တရလေးတွေနဲ့ ထူးခြားထင်ရှားတဲ့ သမိုင်းဝင် အမွေအနှစ်တွေအကြောင်း ပြောပြလိုပါတယ်။

မြို့တော်အမည်ကို စပြီးရှင်းပြလိုပါတယ်။ သမိုင်းမှာ ပထမတွင်ခဲ့တဲ့အမည်က 'အဝ'တဲ့။ နိုင်ငံခြားသားတွေက အဲဒီအသံထွက်အတိုင်း Ava လို့ သူတို့ရဲ့ မှတ်တမ်းတွေမှာ သုံးတာ မန္တလေး ရတနာပုံခေတ်ဦးပိုင်း ကာလအထိပါပဲ။ မြန်မာတွေက ဘာကြောင့် အဝလို့ ခေါ်တာလဲဆိုတော့ ဧရာဝတီ၊ ဒုတ္ထဝတီ၊ ပန်းလောင်မြစ်တို့ရဲ့ ဆုံရာမြစ်ဝမှာ တည်ထားခဲ့လို့ပါ။ ဒါ ပထမအမည်ပါ။ ဒုတိယအမည်ကို ပြောတဲ့အခါ ပိုပြီးအထောက်အကူဖြစ်ဖို့ သတိုးမင်းဖျား မြို့ကိုစတည်တဲ့ သမိုင်းကြောင်းလေး အနည်းငယ် ပြန်ကြည့်ရအောင်ပါ။

သတိုးမင်းဖျားဟာ ပင်းယနဲ့ ခေတ်ပြိုင် စစ်ကိုင်း ဇေယျာပူရဘုရင် မင်းပြောက်လက်ထက်မှာ မျိုးရိုးအနွယ်ကြောင့် ၁၆ နှစ်အရွယ်နဲ့ ဧရာဝတီမြစ် အထက်အညာက တကောင်းမြို့စားဖြစ်နေခဲ့သူပါ။ နောက်ပိုင်း စစ်ကိုင်းနဲ့ပင်းယ အဆင်မပြေဖြစ်ကြလို့ မောကိုးပြည်မှ သိုချည်ဘွားက လာတိုက်ပါတယ်။ သိုချည်ဘွားကို သတိုးမင်းဖျားက တကောင်းကနေ ခံတိုက်ပေမဲ့ အင်အားချင်းမမျှလို့ စစ်ကိုင်းကို ဆုတ်လာရပါတယ်။ ဒါကို စစ်ကိုင်းဘုရင်မင်းပြောက်က မကျေနပ်လို့ သတိုးမင်းဖျားကို ခြေချုပ်နဲ့ ကြခတ်ဝရာ ပို့ပါတယ်။ ဒါပေမယ့် တကယ်တမ်း ရှမ်းတွေ စစ်ကိုင်းကို လာတိုက်တော့ မင်းပြောက်လည်း မခံနိုင်လို့ ကြခတ်ဝရာကိုပဲ ပြေးလာရပါတယ်။ ဒီတော့ အဲဒီမှာကြိုရောက်နေတဲ့ သတိုးမင်းဖျားက သူ့လူတွေနဲ့ မင်းပြောက်ကို လုပ်ကြံပြီး တကောင်းရယ်၊ စစ်ကိုင်းရယ်၊ သိုချည်ဘွားတိုက်လို့ ပျက်တဲ့ ပင်းယကလူတွေကို စုစည်းပြီး အင်းဝကို မြို့တည်ထောင်ခဲ့တာပါ။ သတိုးမင်းဖျား ဘုရင်ဖြစ်တော့ အသက် ၁၉ နှစ်ပဲ ရှိသေးတယ်။ ပင်းယဘုရင် မောပါနရသူရဲ့ မိဖုရား စောဥမ္မာကိုပဲဆက်ပြီး မိဖုရားမြှောက်ပါတယ်။ သတိုးမင်းဖျား အင်အားစုစည်းမိလာတဲ့ အချိန်ဟာ စစ်ကိုင်းနဲ့ ပင်းယပျက်ပြီး တိုင်းပြည် ဖရိုဖရဲ ဖြစ်နေချိန်ဆိုတော့ မြန်မာ့ဦးစွန်းကို ပြန်လည်တည်ထောင်ဖို့ရယ် အခြားနယ်ပယ်က လူတွေ ခန့်ညားလာစေဖို့ရယ်အတွက် မြို့တော်နဲ့ နန်းတော်ကို အသစ်တည်ဆောက်ဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် တည်နေရာအရ အရေးပါပြီး ရန်သူတွေ အလုပ်အကြံခက်တဲ့၊ သွားလာရေး အဆင်ပြေတဲ့၊ ရိက္ခာအတွက် ဆန်ရေစပါးစိုက်ပျိုးရေးကောင်းတဲ့ ဧရာဝတီမြစ်နဲ့ ဒုတ္ထဝတီမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံသန်လျက်စွန်းနေရာကို သဘောကျပြီး ရွေးချယ်ခဲ့ပါတယ်။ သံလျက်ဆိုတာ ဘုရင်တို့ရဲ့ မင်းမြောက်တန်ဆာ အသုံးအဆောင်ပါ။ ဒီတော့ သဘာဝတည်နေရာအသစ်က နာမည်ကပင် နိမိတ်ကောင်းလို့ ယူဆခဲ့ပုံရပါတယ်။ သတိုးမင်းဖျားမတိုင်မီ မြန်မာသက္ကရာဇ် ၆၇၁ ခုမှာ ပင်းယမြို့ စတင်တည်ထောင်သူ ပင်လယ်မြို့စား သီဟသူဟာ သူ့လိုပဲ မြစ်ဆုံသန်လျက်စွန်းနေရာကို သဘောကျလို့ မြို့တည်ဖို့ ၃ ကြိမ်တိုင် ကြိုးစားခဲ့ပေမယ့် သူ့ခမျာ ကံမပါရှာခဲ့ပါဘူး။ ဂူတော်ဘုရားကို ဦးစွာတည်ထားပြီး မြို့တည်ဖို့ ကြိုးစားပေမယ့် ရေ၊ လိပ်၊ ငါး စတဲ့ အနှောင့်အယှက်များကြောင့် နောက်ဆုံး ၆၇၄ ခုနှစ်မှာ ပင်းယနေရာကို ရွှေ့သွားခဲ့ရပြီး မြို့သစ်တည်ခဲ့တာပါ။

မြစ်ဆုံနေရာဆိုတော့ ဘာဖြစ်သလဲ? ဝါဆို၊ ဝါခေါင် မိုးကာလမှာ မြစ်ရေလျှံပြီး ရေလွှမ်းတာပေါ့။ ရေကျတဲ့အချိန်မှာ မြေမျက်နှာပြင်အနေ အထားအရ ရေတွေ ကျန်ခဲ့ပြီး အင်းတွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ မြို့တော်အဖြစ် မတည်ခင်အချိန်ကတည်းက အင်းဝဒေသမှာ ရွှေကြာပင်အင်း၊ ဇနီအင်း၊ ကျောက်မော်အင်း၊ ညောင်စောက်အင်း၊ ဝက်ချေးအင်း၊ အင်းဘူး(ထူး)အင်း၊ အုန္နဲအင်း၊ လင်းစံအင်း၊ ငကျည်းအင်း၊ အင်းမအင်း၊ ဘေးမဲ့အင်းနဲ့ ဝမ်းဘဲအင်း စတဲ့ အင်းတွေများစွာ ရှိနေခဲ့ပြီး ရွံ့ညွန်တွေ အလွန်ပေါတာ။ ဒါကြောင့်လည်း တော်ရုံဖွဲ့နဲ့ မြို့တည်ဖို့ဆိုတာ မလွယ်လှဘူးပေါ့။ အင်းတွေပေါသလို ရေလွှတ်တဲ့ ကုန်းတွေလည်း အဲဒီဝန်းကျင်မှာ ရှိခဲ့ပါတယ်။ ကုန်းတွေကတော့ နန်းရာကုန်း၊ အနီးကုန်း၊ အိုးဖိုကုန်း၊ တောင်ဘီလူးကုန်း၊ အိုးတော်ကုန်း၊ မော်ကျည်ကုန်း၊ ခါသင့်ကုန်း၊ မှန်ကြိုကုန်းနဲ့ ကူဖြူကုန်းတွေရှိခဲ့လို့ 'တိမ်ပြာညိုညို့ ကိုးတောင်ပို့နှင့် ရွှေမြို့သာစည် ဖြတ်သည့်ပြည်'လို့ စာဆိုရှင် ဦးယာရဲ့ ပတ္တမြားညိုချီရတုမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီအထဲကမှ သတိုးမင်းဖျားဟာ ထီးလှိုင်ရှင်ကုန်းတော်မှာ ယာယီစခန်းချပြီး အင်းထူးအင်း၊ အုန္နဲအင်း၊ ငကျည်းအင်းနဲ့ ကျောက်မော်အင်းဆိုတဲ့ အင်းလေးအင်းနေရာကို မြေဖို့ပြီး ပထမအင်းဝမြို့ကို တစ်နှစ်အတွင်း အလျင်အမြန် အပြီးတည်ဆောက်ခဲ့ပါတယ်။ အဲဒီလိုနဲ့ အင်းတွေရဲ့အဝမှာ မြို့တည်လို့ အင်းဝရယ်လို့ အမည်တွင်ခဲ့တာပါ။ဒါဒုတိယ မြို့အမည်ပါ။


မြို့ရဲ့ တတိယအမည်က အင်းနဝပါ။ ဒီအမည်ကိုတော့ နဲနဲဆဝါးလို့ ရနေလောက်ပါပြီ။ မြစ်ဆုံသန်လျက် စွန်းနေရာဟာ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ရေကြီးပြီး အင်းတွေတော်တော်များများ ဖြစ်ကျန်ခဲ့တယ်။ ယနေ့ချိန်ထိတောင် ဧရာဝတီမြစ်ရေကျရင် အပြင်မြို့ရိုးစန္ဒပူရီတံခါးက ဝင်လာခဲ့တဲ့ ရေတွေဟာ ဗားကရာကျောင်းဝန်းကျင်မှာ အင်းဖြစ်နေတုန်းပါ။ လောဘသမားတွေက အတ္တအကျိုးတစ်ခုတည်းကြည့်ပြီး ငါးကန်သဘောမျိုး စီးပွားရေးလုပ်စားတာလည်း ပါတာပေါ့။ အထက်ပါ အင်းတွေထဲက အထူးသဖြင့် တချို့က ဒုတ္ထဝတီမြစ်ကျိုးအင်းကို တစ်ဆက်တည်းဖြစ်စေခဲ့လို့ ဝမ်းဘဲအင်းအဖြစ် အမရပူရမြို့နယ်ထဲ ပါတာကလွဲလို့ သတိုးမင်းဖျား မြို့သစ်တည်ချိန်မှာ မြို့တွင်းက အင်းတွေဖို့ပြီး တည်ခဲ့သလို မြို့ပြင်မှာလည်း အင်းအချို့ ကျန်ရှိနေလေတော့ အင်းဝဆိုတဲ့ အမည်ဟာ 'အင်းနဝ'ကနေ ပြောင်းလဲလာတာ ဖြစ်တယ်လို့ သဘင်ဝန် ဦးသော်ရဲ့ အမေးကို စစ်ကိုင်းတောင် ဓားမကူးချောင်ဆရာတော်က အောက်ပါအတိုင်း ဖြေကြားခဲ့ကြောင်း မှတ်သားရပါတယ်။

'ကျယ်မချဲ့ပြီဘု လွယ်လင့်တဲ့ သိစေရန်၊ သတိုးမင်း ကိုးအင်းရည်ရော်လို့ ပြည်တော်ကို ဘွဲ့ပုံသတယ် အင်းနဝမှန်၊ ကာလညောင်းပြန်တော့ အပေါင်းလူ ထိုထိုမျှငယ်တို့ နေကို လောပ်ပြုကာ အဝဟု တွင်ပြန်၊ တွင်နာမ်ရပ်တိုင်း ဖွံ့ဖြိုးငယ်စည် သတိုးတည်ထောင်တဲ့ အောင်နေပြည် စံဌာနကိုလ ကမ္ဘာတွင် စာတင်သလိုက်မယ် ညွှန်းပြသမိုင်း'တဲ့၊

တစ်ဖန် အင်းနဝနဲ့ ပတ်သက်ပြီး စာဆိုရှင် ဦးယာရဲ့ 'ကြယ်ပွင့်ပမာ ပန်းမာလာကို ရိုးရာမြက်န သက်စေ့ပြု၍ ရှစ်ခုနစ်ပြန် တိုင်လျှောက်ပန်အုံ့ ငါးမာန်ပျောက်ပျက် လတွင်ဆက်သည် ကိုးကွက်အင်းနှင့် ပြည်ကသောဝ'ဆိုတဲ့ ရတုထဲက ကိုးကွက်အင်းဆိုတာ ထူးပြီး ရှင်းပြစရာလိုမယ်မထင်တော့ပါဘူး။နောက်ထပ် အထောက်အထားတစ်ခုမှာ 'ရွှေကြာပင် ဇနီတောက်လို့ ညောင်စောက်ကယ်မကွာ၊ ဝက်ချေးငယ် အင်းအုန္နဲငယ်နှင့် မြဲမှတ်သေချာ၊ လင်းစံသွင်းပါလို့ အင်းမကတဖြာ မှန်စွာပမလွဲ၊ တွေးချဲ့ကာ ဘေးမဲ့သာယာလို့ ဝမ်းဘဲပါသချာကိုး တိုးမှတ်ဖို့ပဲ'လို့ တွေ့ရပြန်ပါတယ်။ စတုတ္ထအမည် ရတနာပူရကတော့ မြို့တည်ထောင်ပြီး လောကီလောကုတ် ရတနာများရှိရာ ဒေသရယ်လို့ သမိုက်ခဲ့တဲ့ တော်ဝင်အမည် ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရက္ခိတ(ရှေး/သု)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ချေးငွေကိစ္စ ပြန်လည်ညှိနှိုင်းရန် သဘောတူညီချက်ကို သီရိလင်္ကာနှင့်ဂျပန် နှစ်နိုင်ငံ လက်မှတ်ရေးထိုး



**ကိုလံဘို မတ် ၈**

သီရိလင်္ကာနိုင်ငံက မတ် ၇ ရက်တွင် ဂျပန်နိုင်ငံနှင့် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် ချေးငွေကိစ္စ ပြန်လည်ညှိနှိုင်းရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်အတွင်း ငွေကြေးအခက်အခဲကြုံတွေ့နေရသော သီရိလင်္ကာနိုင်ငံအတွက် ကြွေးမြီသက်သာခွင့်ပေးရန် ကတိပြုထားသည့် တရားဝင်ကြွေးမြီရှင်နိုင်ငံနှင့် ပထမဆုံးသဘောတူညီချက်ဖြစ်သည်။

ဂျပန်နိုင်ငံဘက်က ယန်း ၃၆၉ ဒသမ ၄၅ ဘီလီယံ(ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ)ချေးငွေအတွက် သက်သာခွင့်များပေးအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က အရေးပါသည်ဟုသတ်မှတ်ထားသော စီမံကိန်းတစ်ခုဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာထဲရှိ မဟာဗျူဟာကျသည့် တည်နေရာတစ်ခုဖြစ်သော သီရိလင်္ကာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိန္ဒိယ-ပစိဖိတ်ဒေသတစ်ခုလုံး၏ တည်ငြိမ်မှုနှင့် သာယာဝပြောမှုအတွက် အရေးပါသည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံ၏ အကြွေးပြန်ဆပ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု ကိုလံဘိုမြို့တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ **Mon**



အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် (အလယ်)၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟောင်းဝဒ်လတ်နစ်နှင့် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့် (ဝဲဘက်)၊ ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုဆိုင်ရာ သမ္မတ၏ အကြံပေးကောင်စီဝင် ဘိုဟိုင်း(ယာဘက်)တို့ဦးဆောင်ကာ ယမန်နေ့က အိမ်ဖြူတော်၌ ခရစ်ပတိုငွေကြေးကို အမေရိကန်ဗဟိုဘဏ်က ကျောထောက်နောက်ခံပြုရေး ဆွေးနွေးပွဲအတွက် ပြင်ဆင်နေကြစဉ်။ **Mon**

## နျူကလီးယားအစီအစဉ်ကိစ္စ ထရမ့်ပို့သည်ဆိုသောစာ မရရှိသေးဟု အီရန်ဘက်မှ ထုတ်ဖော်အသိပေး



**တီဟီရန် မတ် ၈**

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံ့ခေါင်းဆောင်များနှင့်ဆွေးနွေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စာပို့ခဲ့သည်ဟု ပြောကြားပြီးနောက် ယခုအထိ ထိုစာကို မရရှိသေးဟု မတ် ၇ ရက်တွင် အီရန်နိုင်ငံဘက်မှ အသိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယနေ့ထက်တိုင် ထိုသို့ပို့လိုက်သည်ဆိုသောစာကို မိမိတို့ မရရှိသေးပါဟု အီရန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

အီရန်နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ရန် သဘောတူညီချက်သစ်တစ်ခုနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နေစဉ် ထရမ့်၏စာနှင့်သက်ဆိုင်သောသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးအဘတ်စ်အရာချီက ဝါရှင်တန်မှ ပြင်းထန်သောပိတ်ဆို့မှုများ ဆက်လက်ရှိနေပါက အမေရိကန်နှင့် နျူကလီးယားဆွေးနွေးပွဲများပြုလုပ်ရန် အလားအလာနည်းပါးနိုင်သည်ဟု ထုတ်ဖော်ပြောဆိုသည်။

အမေရိကန်က ၎င်း၏ အများဆုံးဖိအားပေးမှုမူဝါဒနှင့် ခြိမ်းခြောက်မှုများကို ဆက်လက်လုပ်ဆောင်နေသရွေ့ မိမိတို့ဘက်မှ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်မည်မဟုတ်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**



## အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် အက်ပဲလ်ထုတ်ကုန်များအတွက် ခွင့်ပြုလက်မှတ်များ အတည်ပြု

**ဂျကာတာ မတ် ၈**

အက်ပဲလ်ထုတ်ကုန်များစွာအတွက် ဒေသဆိုင်ရာခွင့်ပြုလက်မှတ်များကို မတ် ၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံက အတည်ပြုပေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် အက်ပဲလ်ကုမ္ပဏီအနေဖြင့် ယခင်လက အင်ဒိုနီးရှားနိုင်ငံနှင့် သဘောတူညီမှုတစ်ခုရရှိခဲ့ပြီး လူဦးရေ ၂၈၀ သန်းရှိသော ၎င်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ယခင်လများအတွင်းက ယင်းကုမ္ပဏီသည် ဒေသခံထုတ်ကုန် ၄၀ ရာခိုင်နှုန်းပါဝင်ရန် လိုအပ်သောစည်းမျဉ်းများကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် အတားအဆီးများ ကြုံတွေ့ခဲ့ရသည်။

မိမိတို့ဘက်က အက်ပဲလ်ထုတ်ကုန် ၂၀ အတွက် ဒေသဆိုင်ရာလိုအပ်ချက်လက်မှတ်များကို ထုတ်ပေးခဲ့သည်ဟု အင်ဒိုနီးရှား စက်မှုဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားကြောင်း သိရသည်။ **Mon**

## ထိုင်းနိုင်ငံရှိ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဆံပင်ပုံစံကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာထားနိုင်ပြီ

**ဘန်ကောက် မတ် ၈**


အာဏာပိုင်များဖြင့် နှစ်ပေါင်းများစွာဆွေးနွေးတိုင်ပင်ပြီးနောက် ထိုင်းနိုင်ငံရှိ ကျောင်းသူ၊ ကျောင်းသားများသည် ယခုအခါ ၎င်းတို့၏ဆံပင်ကို လွတ်လပ်စွာထားနိုင်ပြီဖြစ်ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ တရားရုံးချုပ်က ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားများ၏ ဆံပင်ပုံစံနှင့် ပတ်သက်သည့်စည်းမျဉ်းများကို သတ်မှတ်ထားသော နှစ် ၅၀ သက်တမ်းရှိသော ညွှန်ကြားချက်ကို ယခင်အပတ်က ပယ်ဖျက်လိုက်သည်။

မူလညွှန်ကြားချက်အရ ယောက်ျားလေးများကို ဆံပင်တိုထားရန်နှင့် မိန်းကလေးများကို နားရွက်ဖုံးရုံသာ ဆံပင်ရှည်ထားရန် သတ်မှတ်ထားခဲ့သည်။

၁၉၇၅ ခုနှစ်က ထုတ်ပြန်ခဲ့သော ယင်းညွှန်ကြားချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို ချိုးဖောက်ခဲ့ပြီး ယနေ့ခေတ်လူ့အဖွဲ့အစည်းနှင့် မကိုက်ညီတော့သဖြင့် တရားရုံးက ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## ဩစတြေးလျ အရှေ့ဘက်ကမ်းရိုးတန်းသို့ မုန်တိုင်းဝင်ရောက် လူပေါင်းသောင်းနှင့်ချီ၍ ရွှေ့ပြောင်းခံခဲ့ရသည်ဟု ဆို

**ကင်ဘာရာ မတ် ၈**

အပူပိုင်းမုန်တိုင်းတစ်ခုသည် ဩစတြေးလျနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းသို့ မတ် ၈ ရက် နံနက်ပိုင်းတွင် ဝင်ရောက်လာကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ထိုမုန်တိုင်းကြောင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ လူပေါင်းသောင်းနှင့်ချီ၍ ရွှေ့ပြောင်းခံခဲ့ရပြီး အိမ်ထောင်စု ၂၃၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်နေသည်။

အဲလ်ဖရက်ဟု အမည်ပေးထားသော မုန်တိုင်းမှာမူ အပူပိုင်းလေဖိအားနည်းရပ်ဝန်းအဖြစ် အင်အားလျော့နည်းသွားခဲ့သော်လည်း လေတိုက်နှုန်းမှာ တစ်နာရီ ၈၅ ကီလိုမီတာအထိ ရှိနေဦးမည်ဟု ဆိုသည်။

မုန်တိုင်းသည် လက်ရှိတွင် ဘာဘီကျွန်းအနီးသို့ ရောက်ရှိနေပြီး မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနေကာ ကျွန်းနှင့် မာရူချိုင်းဒေါ်ဒေသအကြား ကုန်းမြေကမ်းရိုးတန်းကို ဖြတ်ကျော်မည်ဟု မိုးလေဝသနှင့် ဇလဗေဒ ဌာနက ခန့်မှန်းထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သောကြောင့် အာဏာပိုင်များက လူများအား အိမ်တွင်း၌နေထိုင်ရန် သတိပေးနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

## စင်ကာပူစိတ်ပညာရှင်များ လုပ်ငန်းခွင်တွင်လုပ်ကိုင်ရန် မှတ်ပုံတင်ရမည်ဟု အစိုးရက သတ်မှတ်ပြဋ္ဌာန်းကြေညာ

**စင်ကာပူ မတ် ၈**

စင်ကာပူနိုင်ငံရှိ စိတ်ပညာရှင်များသည် လုပ်ငန်းခွင်တွင် လုပ်ကိုင်ရန် မှတ်ပုံတင်ရမည်ဟု အစိုးရက မတ် ၈ ရက်၌ သတ်မှတ်ပြဋ္ဌာန်းကြေညာလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အစိုးရ၏ စိတ်ကျန်းမာရေး စောင့်ရှောက်မှုဝန်ဆောင်မှုများကို မြှင့်တင်ရန်နှင့် လူနာလုံခြုံရေးကို စိတ်ချသေချာစေရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ယင်းကဲ့သို့ မှတ်ပုံတင်စေခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက မတ် ၇ ရက်တွင် ယင်းကိစ္စနှင့် ပတ်သက်၍ကြေညာခဲ့ပြီး စင်ကာပူရှိ စိတ်ပညာရှင်များကို မှတ်ပုံတင်ရန် ဆက်လက်လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် တိုက်ရိုက်စောင့်ရှောက်မှုပေးသူများ၊ စိတ်ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် ကုသမှုများတွင်ပါဝင်နေသူများကို ဦးစားပေးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

STOP AIDS

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၇)၊ ဦးပိုင်နံပါတ်(၇၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးချစ်သိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်းမြင့်(ဘ)ဦးအောင်မြင့် (၉/မနတ(နိုင်)၀၀၂၉၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, D.B.L)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၂)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ(၀ ဒသမ ၀၂၉၆)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်မှာ ဒေါ်ခင်တင့်(ဘ)ဦးဘအောင် (၉/မရမ(နိုင်)၀၁၁၈၅၅) အမည်ပေါက်ပါသည်။ ယင်းဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်ခင်တင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဘိုးဘပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးဝင်းဇော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၁၇၉၆၇ /၈၉)**

**အကွက်(၁၀၂)၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၉၇၄၃၁၁၊ ၀၉-၄၄၇၆၅၉၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းအုပ်စု၊ ကွင်းအမှတ်(၄၉၅/မဲကင်းကုန်း)၊ ဦးပိုင် (၂၉)အတွင်း မြေကွက်စိတ်အမှတ်(A10 အနောက်ဘက်ခြမ်း) (၂၅×၅၃)ပေ အကျယ်ရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှုအားလုံး၊ (A11)ပေ(၄၀×၄၀) အကျယ်နှင့် မြေပေါ်ရှိ ပိုင်ဆိုင်ခွင့်အားလုံး၊(A12) ပေ(၄၀×၄၀) အကျယ်နှင့် မြေပေါ်ရှိ ပိုင်ဆိုင်ခွင့်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ကျင်ထွေး(ဘ)ဦးပုတ်ကြီး(၉/တသန(နိုင်)၀၆၇၂၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနိုင်လင်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၅၁၁)၊ မဟာအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၁၀၀၀၉၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ် (မမ-၂၈)၊ တိုက်အမှတ်(၉)၊ အခန်း(၁၈)၊ စတုတ္ထထပ်အမည်ပေါက်သူ ဦးရန်လင်းအောင်(ဘ) ဦးအောင်သူ (၇/ပခန(နိုင်)၂၆၃၁၄၅) ဝယ်ယူခွင့်ကတ်ပြားမူရင်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်လင်းအောင်၏လက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ဝယ်ယူခွင့်ကတ်ပြားမူရင်းခွဲ ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လင်းလက်စန္ဒာ (LL.B)**

**အထက်တန်းရှေ့နေ**

**အကွက်(ညည-၈၃)၊ အိမ်အမှတ်(၅၃)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၄၉၉၈၃၈၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၀)၊ ဦးပိုင်အမှတ်(၁၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးကိုကိုဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ် (၁)လုံး အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ ဦးကိုကိုဝင်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးကျော်ကျော်မိုး (၉/မရမ(နိုင်)၀၃၄၂၂၇)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ချစ်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**

**၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈ ၊ ၀၉-၄၃၁၁၅၅၂၈ ၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးစိုးမင်းဒင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်များ၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိတစ်ဦးတည်း ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးစိုးမင်းဒင်(ဘ)ဦးရဲဒင် (၉/မနတ(နိုင်)၀၀၀၃၄၅)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ချစ်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**

**၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈ ၊ ၀၉-၄၃၁၁၅၅၂၈ ၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဘိုခွေး(ခ)ဦးဖိုးခွေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အလယ်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရောက်ချင့်ချမ်း(ဘ)ဦးရောက်တာဖူး(၁၃/သပန(နိုင်)၀၃၅၁၆၇)[၎င်း၏ကိုယ်စား သားဖြစ်သူ ဦးအောင်ဟန်မြင့်(ဘ)ဦးစိန်ရန်(၉/ခအဇ(နိုင်)၀၇၃၂၂၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်ယံ(LL.B)** — **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင်(LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်သဲမို့မို့ထွန်း(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၈)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကြိုင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးလှိုင်(ဘ)ဦးမောင်ထွေး (၅/မလန(နိုင်)၀၃၄၇၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၃၁)၊ ဦးပိုင်အမှတ်(၂၃/ဝ)၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ဝင်းသူ(၁၃/တကန(နိုင်) ၀၀၃၀၃၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၉၆-က)၊ ဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်ရီရီအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးစိုးသန့်ထွန်း(ဘ)ဦးသိန်းထွန်း(၉/မရမ(နိုင်)၀၃၇၇၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြ စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးထွန်းနိုင်ဝင်း (LL.B , D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၅၀)**

**၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၇၄၇၅၆ ၊ ၀၉-၄၀၂၅၉၅၀၂၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဝန်ကြီးဌာနလက်အောက်ရှိဌာနများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများက မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မတ် ၆ ရက် မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ မန္တလေးသို့ အမှတ်(၂၇) အဆန် လေအိတ်ရထားဖြင့် ထွက်ခွာ၍ ရထားလမ်းပိုင်းကြံ့ခိုင်မှုကို စစ်ဆေးပြီး ပိုမိုကောင်းမွန်စေရေးအတွက် ဆောင် ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မတ် ၇ ရက်နံနက်ပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ အစည်းအဝေးခန်းမတွင် အထွေထွေမန်နေဂျာ (စက်ရုံ)က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လူစီးတွဲနှင့် ကုန်တွဲများကို လမ်းပိုင်းများတွင် အသုံးပြုရန် လိုအပ်ချက်နှင့် ဝန်ထမ်းများ၏စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ ပြင်ဆင်ရေး၊ ကုန်သေတ္တာတင်ဆောင်နိုင်သောတွဲ (Flat Wagon)များအပါအဝင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှုပမာဏကို အမြဲမပြတ်လေ့လာသုံးသပ်၍ ဖြည့်တင်းရေး၊ စက်ရုံအတွက် ဝန်ထမ်းများ ဖြည့်တင်းရေးနှင့် အရည်အသွေးမြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရေး မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများနှင့် ကုန်တွဲများ ပြုပြင်မှု၊ တွဲအရန်ပစ္စည်းများ ထုတ်လုပ်မှု၊ ရိုးရိုးတန်း လူစီးတွဲများကို စာတိုက်တွဲများအဖြစ် ပြောင်းလဲမွမ်းမံတည်ဆောက်မှု၊ ကုန်သေတ္တာတင်တွဲ တည်ဆောက်ရေးအတွက် လေ့လာဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အနီးစခန်းလေဆိပ်သို့ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်အဆင့်မြှင့်တင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ဘူတာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စေရန် စနစ်တကျ ပြုပြင် ထိန်းသိမ်းမွမ်းမံရေးနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည်များကို အစီအမံရေးဆွဲတင်ပြရန် မှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော စမုံမြစ်ကူး တံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စမုံမြစ်ကူးတံတား လုပ်ငန်းခွင် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် တံတားကြံ့ခိုင်ရေးအတွက် ကမ်းထိန်းနံရံ တည်ဆောက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်ဘူတာသို့ RBE ရထားဖြင့် ဆက်လက်ထွက်ခွာပြီး ဘူတာယာဒ်ဝင်းအတွင်း လူစီးတွဲ/ ကုန်တွဲများ၊ စက်ခေါင်းများထားရှိမှု၊ ဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ဇေယျဝတီအက်ဖ်စီအမျိုးသမီးအသင်း ရာသီသစ်အတွက် ကစားသမားများ ရွေးချယ်မှုများ ပြုလုပ်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၂၅ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးပြိုင်ပွဲအတွက် ဇေယျဝတီအက်ဖ်စီအမျိုးသမီး၏ ရာသီအတွက် လူရွေးချယ်ပွဲကို မတ် ၂၊ ၃ ရက်က ပြုလုပ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ မျိုးဆက်သစ်ကစားသမား အများအပြား လာရောက်ရွေးချယ်ကြသည်ကို တွေ့ရသည်။

(ယာပုံ)

ပရော်ဖက်ရှင်နယ်ဘောလုံး သမားအိပ်မက် အသက်သွင်းခွင့်နှင့်အတူ မြန်မာ့လက်ရွေးစင် ကစားသမားများနှင့်အတူ တွဲဖက်ယှဉ်ပြိုင်ခွင့်ရမည့် ကစားသမားသစ် ရွေးချယ်ပွဲကို မီးဒုံးဘောလုံးကွင်း(သုဝဏ္ဏ)၌ နှစ်ရက်ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပထမရက်တွင် ၅၀ ဦး၊ ဒုတိယရက်တွင် ၄၅ ဦး လာရောက်ရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

NGB

0-0-0-0-0

